ကြေးမုံ ဝတ္ထုတိုများ

ကြေးမုံစာတည်းရှေ့ ၆-၇-၂၀၁၄၊ တနင်္ဂနွေနေ့

လျှပ်စစ်အန္တရာယ်

ရှေးဦးကာလ ကမ္ဘာလူသားအားလုံးသည် နေ၊ လ၊ ကြယ် စသည့် သဘာဝအလင်းရောင်အောက်မှာ နေလာခဲ့ကြရသည်။ ထိုမှတစ်ဆင့် မီးကို စတင်တွေ့ရှိအသုံးချလာခဲ့ကြရာမှ လူနေမှုတစ်ဆင့်မြင့်တက်လာခဲ့သည်။ သားစိမ်း၊ ငါးစိမ်းဘဝမှ ဖုတ်ကင်ချက်ပြုတ်စားသောက်တတ်လာကြသည်။ ဆောင်းကာလ အအေးဒဏ်မှ ကာကွယ်ပေး၊ အနွေးဓာတ်ကိုရလာစေခဲ့သည်။ တစ်ချိန်က ညအချိန် လူသားတို့နေထိုင်သော သဘာဝဂူများ မှောင်မှောင်မဲမဲနှင့် စမ်းတဝါးဝါးရှိနေခဲ့ရာမှ မီးကြောင့်လင်းလင်းရှင်းရှင်း ဖြစ်လာခဲ့သည်။ လူသားတို့ကြောက်အားပိုခဲ့ကြရသော ကမ္ဘာဦးသတ္တဝါများအန္တရာယ်မှလည်း မီးကတစ်နည်းတစ်ဖုံ ကာကွယ်ပေးနိုင်ခဲ့သည်။ မီးကြောင့် သမိုင်းတစ်ခေတ် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။

တစ်ဖန် မိုက်ကယ်ဝါရာဒေ၊ သောမတ်အက်ဒီဆင်တို့၏ ကျေးဇူးကြောင့် လျှပ်စစ်စီးကြောင်းတွေ.ရှိချက်မှတစ်ဆင့် လျှပ်စစ်မီးသီး၊ မီးချောင်းများဖြင့် ကမ္ဘာကြီးအရှိန်အဟုန်ပြင်းပြင်းနှင့် ဖွံ့ဖြိုးဝေစည်ရှိလာခဲ့သည်။ ယနေ့ထိတိုင် ဖြစ်ပါသည်။ လျှပ်စစ်သည် လက်မီဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်လာခဲ့ရာ ကမ္ဘာနိုင်ငံတိုင်းက လျှပ်စစ်မီးရရှိရေးကို နုည်းမျိုးစုံသုံး အမြိုင်အဆိုင်ရှိလာကြသည်။ ဒေသ၏ပကတိအခြေအနေပေါ်မူတည်၍ အီကွေတာရပ်ဝန်းနေပြည်သူများ နေစွမ်းအင်မှ လျှပ်စစ်ထုတ်ယူခြင်း၊ လေတိုက်အားကောင်းရာပင်လယ်နှင့် နီးနီးနားနားဒေသများ၊ လွင်တီးခေါင်တောင်ပေါ်ဒေသများတွင် လေအားဖြင့်လျှပ်စစ်ထုတ်ယူခြင်း၊ မြစ်ချောင်းများ ပေါများရာ ဒေသများတွင် ရေအားလျှပ်စစ်စသည်ဖြင့် သဘာဝတရားနှင့်ပေါင်းစပ်ကာ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေခဲ့သည်။ ဒေသနှင့်ဝန်းကျင်ကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစေခဲ့သည်။

သို့သော် ရှပ်ကြွင်းလောင်စာဖြင့် လျှပ်စစ်ထုတ်ယူခြင်း၊ အဏုမြူ ရူးကလီယားစွမ်းအားဖြင့် လျှပ်စစ်ထုတ်ယူခြင်းများမှာကား အခန့်မသင့်လျှင် ဝန်းကျင်နေပြည်သူများကို အန္တရာယ်စက်ကွင်းအတွင်း ဆွဲသွင်းတတ်ပေသည်။ ရူးကလီယားစွမ်းအင်စက်ရုံတို့၏ ဖြစ်ရပ်များက အထင်အရှားသက်သေပြနေသည်။

မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် နည်းမျိုးစုံနှင့် ကြိုးစားနေရသည်။ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများ ပြည့်စုံကုံလုံရှိနေသော်လည်း "နည်းပညာ" အားနည်းချက်ကြောင့် ထင်တိုင်းမပေါက်မြောက်နိုင်သေး။ လက်ရှိပြည်သူ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်စွမ်းအင်ကို သုံးစွဲနိုင်သေးသည်။

မည်သည့်အရာမဆို "တန်ဆေးလွန်ဘေး" ဆိုရိုးရှိသည်။ သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေးဖြစ်တတ်သည်။ လျှပ်စစ်သည်လည်း ထိုနည်းလည်းကောင်းပင်။ စနစ်တကျ ကိုင်တွယ်မသုံးတတ်မှကြောင့် မဟာရန်ကုန်တွင် ယခုနှစ် ၆၆၊ ဇူလိုင် တစ်လကျော်အတွင်း ဓာတ်လိုက်သေဆုံးသူ ၂၆ ဦးထိရှိသွားပြီဟုသိရသည်။ သေဆုံးသူအများစုမှာ စက်ရုံအလုပ်သမားများ၊ လျှပ်စစ်ဝန်ထမ်းများ၊ဖုန်းပြုပြင်ရေးလုပ်သားများ။ ပန်းရန်လုပ်သားများဖြစ်ကြောင်း သိရသည်။ ယင်းအထဲတွင် လုည်းတန်းရေးမှာစေးရောင်းနေရင်း အပေါ်မှ ဓာတ်ကြိုးပြတ်ကျ၍၊ လျှပ်စစ်ကြိုးနှင့်မလွတ်သော ဗာဝေပင်ကို တက်ခုတ်မိ၍၊ မြေတူးရင်း လျှပ်စစ်ကြိုးကို ပေါက်ပြားနှင့် ခုတ်မိ၍ အဖေ ဓာတ်လိုက်၊ သားယော်ကဆွဲနှင့် ပွဲချင်းပြီးသွားကြရသည့် ရင်နင့်စရာဖြစ်စဉ်များလည်း တွေ့ရသည်။ ယင်းတို့အားမည်သို့ပြုပြင်ရမည်ကို ဝိုင်းဝန်းကြဆောင်သင့်ပါပြီ။ မည်သို့သတိပြုရမည်ကို ပြည်သူများသိရှိအောင် ကျယ်ပြန့်စွာ ဆောင်ရွက်သင့်ပြီ။

လျှပ်စစ်ဓာတ်ကြိုးသွယ်တန်းမှုနှင့်ပတ်သက်၍ ဓာတ်ကြိုးများကို အမိုးပေါ်မှ သွယ်တန်းမထားဘဲ ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်း ပြည်သူ့ရင်ပြင်တစ်လျှောက်ရှိ ဓာတ်တိုင်များကဲ့သို့ မြေဘောက်ကြိုးများဖြင့် သုံးလျှင် ပိုမိုသင့်မည်ဟု ထင်မြင်မိပါသည်။ သို့ဆိုလျှင် ပြည်သူ့အများနှင့် သစ်ပင်များ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးသွားနိုင်မည်မှာ အမှန်ဖြစ်ပါသည်။ ။

အထည်စက်ရုံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇူလိုင် ၅

စက်မှုပန်းကြီးဌာနမှ ဌားရမ်းဆောင်ရွက်နေသည့် Lat War Company Limited သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက္ကူစက်ရုံ(ရေနီ) နယ်မြေတွင် အထည်ချုပ်စက်ရုံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံ Sumec Textile & Light Company Limited နှင့် အထည်ချုပ်လုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၌ Sedona Hotel အင်းလျားခန်းမ၌ ဇူလိုင် ၄ ရက် ည ၇ နာရီတွင် ကျင်းပရာ Lat War Company Limited ဥက္ကဋ္ဌ ခေါက်တာခင်မောင်အေးနှင့် Sumec Textile & Light Company Limited ဥက္ကဋ္ဌ Mr. Yang Yong Qing တို့က နှုတ်ခွန်းဆက်စကား ပြောကြား၍ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီမှုနားလည်မှုစာချွန်လွှာအရ မကြာမီဒေသခံပြည်သူ ငါးထောင်ခန့်အား အထည်ချုပ်လုပ်ငန်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်တော့မည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နစ်ဖက်ကုမ္ပဏီများမှဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ အထည်စက်ရုံပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးစဉ်၊ (သတင်းစဉ်)

သီပို့နှည်းကျမျိုးစေ့ချ လက်တွေ့သရုပ်ပြ

မြည် ဇူလိုင် ၅

မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး သီပို့နှည်းကျ မျိုးစေ့ချ လက်တွေ့သရုပ်ပြပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လက္ခဖွင့်စိုက်ပျိုးပညာပေးရေးစခန်း နယ်မြေရှိ ကွင်းအမှတ် (၈၀၁) တောင်သူ ဦးသိန်းဝင်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပုလဲသွယ်စပ်မျိုးစပါး သီပို့နည်းကျမျိုးစေ့ဆေးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် တောင်သူဦးကြီးများ ဝင်ငွေတိုးတက်ရရှိနိုင်ကြောင်း ပြောကြားကာ ပေါင်စနစ်ဖြင့် သီပို့နည်းကျမျိုးစေ့ချ လက်တွေ့သရုပ်ပြသရာ တောင်သူ ၂၃၉ ဦး လာရောက်ကြည့်ရှုလေ့လာကြောင်း သိရသည်။ **(ခရိုင်စိုက်ပျိုးရေး)**

ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ လှုဒါန်းသော ကျောင်းနေအရွယ်ကလေးများ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများအား ဇွန် ၃၀ ရက်က မင်္ဂလာဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရည်နှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်ထွေးနှင့်အဖွဲ့တို့က ထောက်ကြန့်မြောက်ပိုင်းရပ်ကွက် အမက(၂၁)ရှိ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်ငြိမ်း(မင်္ဂလာဒုံ)